# ရင်မှာတွယ်မိ တင်းလွန်းသည့်ကြိုး



(၁)

"မင်းမြန်မြန်လာခဲ့ပါ၊ ငါ့မှာ အလုပ်တွေရှိတယ်"

ဟု တစ်ချက်လွှတ် အမိန့်ပေးလိုက်သော သူ၏ အသံသည် မြကြည်ဖြူ၏ နားအာရုံထဲတွင် သံမှိုစွဲသည် သို့ ရှိနေပါ၏။

ထိုအမိန့်ကြောင့်လည်း မြကြည်ဖြူမှာ ကြီးကြီးချစ်၏ စျာပနကိစ္စပြီးသည် နှင့် ရန်ကုန်သို့ ချက်ချင်း ပြန်ခဲ့ရသည် ။

လမ်းခရီးတွင် မိုးတွေလေတွေ ကြီး၍ မြစ်ရေတွေ လျှံနေသည် ကိုပင် မြကြည်ဖြူ ဂရုမထားနိုင်ပါ။

သူအပါအဝင် ခရီးသည် ဆယ်ဦးပါသော လှေကလေးသည် ရေစီးကြမ်းနေသော ခရီးတွင် အန္တရာယ်ကိုအံတုရင်း သွားနေရာမှ ရုတ်တရက် တိမ်းမှောက်သွား၏။

အော်သံများကို ရေစီးကြောင်းသံက ဖုံးလွှမ်းသွားသည် ။

ငါ့ဘဝတော့ ဒီမှာ ချုပ်ငြိမ်းရပြီဟု နောက်ဆုံးအသိကို ခံစားလိုက်ရပြီးနောက်တွင် မြကြည်ဖြူ၏ အသိဉာဏ်ကို အမှောင်တိုက်ကြီးက လွှမ်းမိုးသွားတော့သည် ။

မည်မျှ အချိန်ကြာသွားသည် ကို မြကြည်ဖြူ မသိပါ။ အသိတရားများ သူ့ဦးနှောက်ထဲသို့ ပြန်ဝင်လာသည့်အခါတွင် သူသည်

မျက်လုံးများကို ဖျတ်ခနဲ ဖွင့်ကြည့်လိုက်သည် ။

စိုးရိမ်ကြီးစွာဖြင့် သူ့ကို ငုံ့ကြည့်နေသော အဒေါ်ကြီးတစ်ယောက်၏ မျက်နှာကို အလျှင်ဦးစွာ တွေ့လိုက်ရသည် ။

"ကျွန်မ... ကျွန်မ"

"အို.. ကလေးမ ငြိမ်ငြိမ်နေ၊ စိုးရိမ်စရာ မရှိတော့ဘူး၊ ကလေးမ အကြီးတို့ လှေပေါ်ကို ရောက်နေပြီ"

ကုန်းရုန်းထဖို့ ကြိုးစားလိုက်သော မြကြည်ဖြူ၏ ပခုံးနှစ်ဖက်ကို သူ့ လက်ဖြင့် ဖိထား၏။

အဖြစ်အပျက်တွေကို မြကြည်ဖြူ ရုတ်ခြည်း သတိရမိလာသည် ။

"ဩော်... လှေမှောက်ပြီး ငါ မသေသေးဘဲကိုး"

တစ်ခါတည်း ဘာဖြစ်လို့ များ ငါမသေသွားတာပါလိမ့်။

ရခဲလှသော အသက်တစ်ချောင်း ထွက်မသွားသည် ကိုပင် သူမက မ ကျေမနပ်ဖြစ်မိနေပါ၏။

"ကလေးမက ဘယ်ခရီးကို သွားနေတာလဲဟင်..."

"ကျွန်မ ညောင်လေးပင်က ပြန် လာပြီး ရန်ကုန်ကို သွားနေတာပါ"

"အဖော်တွေ ပါသေးလား"

"ဟင့်အင်း ကျွန်မ တစ်ယောက်တည်းပါ"

မြကြည်ဖြူသည် လှေဝမ်းထဲတွင် အသာထိုင်ပြီး သူ့ကိုယ်ကိုယ် အ သာစမ်းသပ်ကြည့်ရင်း ပြောလိုက်သည် ။

"တို့ များ လှေနဲ့ တွေ့တာ ညည်းလေး သိပ် ကံကောင်းတယ်"

"ကံကောင်းတယ်"တဲ့ ။

မြကြည်ဖြူသည် ကြားရသော စကားကို ရင်ထဲမှာ မဲ့ပစ်မိလိုက်သည် ။

"မရှင်.. မေးပါဦး၊ ကလေးမက ကျုပ်တို့ နောက် လိုက်မှာ လား၊ သူ လိုတဲ့ ခရီးကို လိုက်ပို့ပေးရမှာ လားလို့ "

လှေကို လှော်ခေတ်နေသော ဦးကြီးက ပြောလိုက်သည် ။

"မေးမှာ ပါ ကိုဘမောင်ရယ်"

"ကျွန်မ.. ကျွန်မ ရန်ကုန်ကိုပဲ ပြန်ချင်ပါတယ်၊ ဖြစ်နိုင်ရင် ကျွန်မကို ခရီးဆက်နိုင်မယ့်နေရာကိုပဲ ပို့ပေးပါရှင်၊ အကြီးတို့ .. အဘတို့ ကျေးဇူးကို ကျွန်မ ဒါလေးနဲ့ ဆပ်ပါရစေ"

မြကြည်ဖြူသည် သူ့လက်တွင် ဝတ်ဆင်ထားသော ရွှေမောင်းကွင်း လက်စွပ်ကလေးကို ချွတ်ယူကာ အဒေါ်ကြီး၏ လက်ကို ဆွဲယူ၍ ထည့်ပေးလိုက်သည် ။

အဒေါ်ကြီးသည် မျက်နှာကြီး ဝင်းခနဲဖြစ်သွားကာ သူ့ခင်ပွန်းသည်ကို ကြည့်လိုက်သည် ။

တံငါသည် ဦးကြီး၏ မျက်နှာတွင် လည်း ကျေနပ်ခြင်းအရိပ်အယောင်ကို မြကြည်ဖြူ တွေ့ရသည် ။

သူတို့ ၏ ကူညီဖေးမမှုကြောင့် မြကြည်ဖြူတစ်ယောက် ဘေးအန္တရာယ်ကင်းစွာ ခရီးဆက်ဖို့ အခွင့်အရေးကို ရရှိခဲ့ပါ၏။

မြကြည်ဖြူသည် သူ့နားတွင် ပန်ဆင်ထားသော ပုလဲနားကပ်ကလေးကို ရောင်းချပြီး ခရီးစရိတ် လုပ်လိုက်သည် ။

သူ့ကို ရန်ကုန်သို့ သယ်ဆောင်သွားမည့် ကားပေါ်တွင် ထိုင်မိသည့် အခါတွင် တော့ ထင်ဇော်၏ မျက်နှာကြီးကို ကွက်ခနဲ မျက်စိထဲတွင် မြင်မိလာ၏။

"တောက် သင်းက ငါ့ကို စိုးမိုးလိုက်တာ၊ နာရေးသွားတာကို မြန်မြန်ပြန်လာရမယ်တဲ့ ၊ သူ့မှာ အလုပ်တွေရှိနေတယ်တဲ့ ၊ ဘာအလုပ်လဲ၊ အလကား အရည်မရ အဖတ်မရတဲ့ အလုပ်တွေ…

"မပြန်တော့ ဘာဖြစ်လဲ၊ ဟင်… ကြည့်စမ်း။ ငါအခုထွက်ပေါက်ရနေတာ ဒါကို အဆုံးအရှုံးခံပြီး ငါ သူ့ဆီပြန်ရင် ငါ့လောက် မိုက်မဲတဲ့ သူ ရှိပါဦးတော့မလား ဟုတ်တယ်၊ ငါမပြန်ဘူး၊ မပြန်ဘူး၊ အများ အမြင်မှာ ငါ လေ့မှောက်ပြီး ရေထဲမျောသွားတယ်၊ ဒါဟာ ငါ့အတွက် လွတ်မြောက်ရာ ထွက်ပေါက်ပဲ..

"မြကြည်ဖြူ သေပြီ၊ မြကြည်ဖြူတစ်ယောက် အဖြစ်ဆိုးလိုက်တာ၊ အလောင်းတောင် ပြန်မရဘူး၊ အဟင်း ဟင်း ကိုထင်ဇော်ရေ မြကြည်ဖြူ သေပြီလို့ သာ သဘောပေါက်လိုက်ပေတော့"

မြကြည်ဖြူသည် သူ့အတွေးကို သူ သဘောကျပြီး တစ်ကိုယ်တည်း ပြုံးလိုက်မိသည် ။

ထို့နောက်တွင် တော့ မြကြည်ဖြူသည် အသစ်ချမှတ်လိုက်သော ဆုံးဖြတ်ချက်အတိုင်း ဒေါ်သက်ခင်ရှိရာ မော်ဘီသို့ ခရီးကိုဦးတည်ရန် ဆုံးဖြတ်လိုက်တော့သည် ။

******

လျှောင်မလှုပ်ဘာမလှုပ်နှင့် အိမ်ပေါ်ထပ် ဝရန်တာလက်ရန်းတွင် တင်ထားသော အလှစိုက်ပန်းအိုးကြီးတစ်လုံးသည် မြကြည်ဖြူ ဝရန်တာအောက်သို့ ရောက်ကာမှ တိုက်တိုက်ဆိုင်ဆိုင် ပြုတ်ကျလာသည်။ ဒေါ်သက်ခင်က သူ့ကို အချိန်မီ တွန်းမပစ်နိုင်လျှင် မြကြည်ဖြူ၏ အဖြစ်မှာ မတွေးဝံ့စရာ။

မြကြည်ဖြူသည် တဒိန်းဒိန်းခုန်လာသောရင်ကို လက်ဖြင့်ဖိပြီး မျက်လုံးများကို တင်းကျပ်စွာ ပိတ်ထားလိုက်သည်။

မသေကောင်းမပျောက်ကောင်း ဖြစ်ခဲ့ရသော အခါပေါင်းများ စွာတို့ကို သူသည် ပြန်လည်၍ ဆက်စပ်တွေးတောမိပြန်ကာ ကျောထဲတွင် လည်း စိမ့်တက်၍ လာသည်။

"တော်ပြီ တော်ပြီ၊ မြသီရိမြို့ကို ရင်နာနာနဲ့ ပဲ စွန့်လွှတ်လိုက်တော့မယ်၊ ဒေါ်ဒေါ်သက်နဲ့ နေပြီး ကြီးကြီးချစ် အမွေပေးလိုက်တဲ့ ပစ္စည်းကလေးတွေ ထုခွဲပြီး ရင်းနှီးစားသောက်တော့မယ်"

မြကြည်ဖြူသည် စိတ်ကို ငြိမ်အောင်ထားကာ ကားပေါ်တွင် ပါသော နေ့စဉ်ထုတ် သတင်းစာတစ်စောင်ကို ယူပြီး ဖတ်နေလိုက်သည်။

တဖြည်းဖြည်း ဖတ်လာခဲ့ရာ နောက်ဆုံးကြော်ငြာများ ရှိသည့်စာမျက်နှာသို့ ရောက်လျှင် အိမ်ဖော်အလိုရှိသော ကြော်ငြာတစ်ခုကို ဖတ်ရှုမိလိုက်သည်။

မော်ဘီ ဘောဂမြို့မှ အသက်အရွယ်ကြီးရင့်နေသော လူမမာ အမျိုးသမီးကြီးတစ်ဦးကို ပြုစုစောင့်ရှောက်ပေးရန် လူခေါ်သော ကြော်ငြာ ဖြစ်နေ၏။

မြကြည့်ဖြူသည် ထိုကြော်ငြာကို စိတ်ဝင်စားပြီး အထပ်ထပ် ဖတ်ရှု၍ လိပ်စာကို မှတ်ထားလိုက်သည်။

"အင်း ဒေါ်ဒေါ်သက်ကလဲ ကိစ္စက အများ သား သူနဲ့ ခြေချော်လက်ချော်ဖြစ်ခဲ့ရင် ဒီအလုပ်ကို ငါသွားလျှောက်မယ်၊ ဒီဘောဂမြိုင်ဆိုတဲ့ နေရာမှာ ငါ့ဘဝကို မြှုပ်နှံပစ်နိုင်ရင် အေးတာပဲ"

******

(၂)

မြကြည်ဖြူသည် ထောက်ကြံ့လမ်းဆုံသို့ ရောက်ရှိသောအခါ မော်ဘီဘက်သို့ ကားပြောင်းစီးဖို့ ကားဂိတ်ရှိရာသို့ ထွက်ခဲ့သည် ။

စိတ်တွေက လောနေသဖြင့် လမ်းဖြတ်အကူးတွင် ပြိုင်ကား နီနီကလေးတစ်စီးနှင့် တိုက်မိမလို ဖြစ်သွား၏။

ကားမောင်းသူ သတိကောင်းပေလို့ သာ။ နို့မို့ရင် မလွယ်။

"အိုး..."

ရင်ဝကို လက်ဖြင့်ဖိ၍ ကားဆီသို့ တုန်လှုပ်ချောက်ချားစွာ ကြည့်နေမိသော မြကြည်ဖြူကို ကားမောင်းသူက ထောပနာပြုလိုက်သည် ။

"ဘာတွေ စိတ်ကူးနေလဲ၊ သေချင်လို့ လား.. တောက်"

သုန်သုန်မှုန်မှုန်ရှိလှသော ထိုသူ၏ မျက်နှာကို မြကြည်ဖြူ အကြောက်မပြေပြေဟန်ဖြင့် ကြည့်နေစဉ် ထိုသူသည် ဒုတိယ တက်တစ်ချက်ကို ခေါက်၍ ကားဦးကို သူ့ဘေးမှ ရှောင်ထွက်ကာ တစ်ရှိန်ထိုး မောင်းနှင်ထွက်ခွာသွားတော့သည် ။

မြကြည်ဖြူလည်း သူ့ကို လမ်းသွားလမ်းလာတွေက ကြည့်နေမှန်း သတိပြုမိသွားသောအခါ မင်တက်ပြီး ရပ်မိနေရာမှ လျင်မြန်စွာ လှုပ်ရှားကာ လမ်းတစ်ဖက်ဆီသို့ ကူးလိုက်သည် ။

ကားဂိတ်ဆီသို့ အသွားတွင် မြကြည်ဖြူသည် စတိုးဆိုင်ကလေး တစ်ဆိုင်ကို တွေ့ရသဖြင့် ဆိုင်ထဲသို့ဝင်ပြီး သူ့အတွက် အသုံးလိုမည့် ပစ္စည်းကလေးများ နှင့် မျက်နှာသုတ်ပဝါတစ်ထည်၊ စက်ထိုးဆွယ်တာလေး တစ်ထည်ကိုဝယ်ယူ၍ ကြွပ်ကြွပ်အိတ်တစ်လုံးတွင် စုထည့်၍ ဆွဲကာ ကားဂိတ်သို့ ဆက်လျှောက်ခဲ့သည် ။

ကားဂိတ်သို့ ရောက်ပြီး မကြာမီ ကားတစ်စီးပေါ်သို့ မြကြည်ဖြူ ရောက်ခဲ့သည် ။

ထိုင်ခုံတွင် နေရာတစ်နေရာစာကို ရရှိသဖြင့် မြကြည်ဖြူ ထိုင်လိုက်သည် ။

သူသည် ကြွပ်ကြွပ်အိတ်ကလေးကို ပိုက်ထားရင်း သူ့ဘယ်လက် လက်ကောက်ဝတ်မှ သူ့လက်ပတ်နာရီကို ကြည့်လိုက်သည် ။

နာရီကလေး ရပ်တန့်နေ၏။

"ဟင်.. ငါ့နာရီတော့ ရေတွေဝင်ပြီး ပျက်ပြီထင်ပါရဲ့ "

သူ့နံဘေးက ခရီးသည် အမျိုးသားကြီး၏ လက်ပတ်နာရီဆီသို့ သူ့မျက်စိက ရောက်ရှိသွားသည် ။

"အို.. ကြည့်စမ်း၊ လေးနာရီတောင် ထိုးပြီပဲ၊ အင်း... ငါ ဒေါ်ဒေါ်သက်ဆီကို မြန်မြန်ရောက်မှ ဖြစ်မယ်"

အချိန်များ စွာ မစောင့်ဆိုင်းရဘဲ ကားသည် ကားဂိတ်မှ ထွက်ခွာလာ၏။

မြကြည်ဖြူသည် တစ်လမ်းလုံး မျက်စိမှိတ်၍ နှုတ်ခမ်းကလေး တရွရွတလှုပ်လှုပ်ဖြင့် ဘုရားစာတွေကို ရွတ်ဆိုလာခဲ့သည် ။

ခရီးသွားချိန် တစ်နာရီနီးပါးကျခါမှ ကားသည် မှော်ဘီမြို့အဝင်သို့ ရောက်ရှိခဲ့သည်။

မြကြည်ဖြူသည် ကားပေါ်မှ ဆင်းကာ မြို့အဝင်အနီး ရွာတွင် ရှိသော ဒေါ်သက်ခင်၏ နေအိမ်ဆီသို့ သုတ်ခြေတင်၍ ထွက်ခဲ့သည်။

အားသွန်၍ လာခဲ့သော မြကြည်ဖြူမှာ ကဲလား တံခါးချပိတ်ထားသော ဒေါ်သက်ခင်၏ နေအိမ်ကလေးကို တွေ့ရလျှင် ရင်ဆို့ကာ လဲခွေ၍ ကျတော့မတတ် ခံစားလိုက်ရသည်။

ဘာဆက်လုပ်ရ ကောင်းလေမလဲဟု ငူငူကြီးရပ်၍ ဒေါ်သက်ခင်၏ တဲကလေးကို ကြည့်နေမိစဉ် သူနှင့်မျက်နှာချင်းဆိုင်ဘက်က ရောက်လာသော အမျိုးသမီးကြီးတစ်ဦးကို တွေ့ရ၏။

ထိုအမျိုးသမီးကြီးကပဲ သူက စကားစပါသည်။

"ကလေးမ၊ မသက်ခင်ဆီ လာတာလား"

"ဟုတ်.. ဟုတ်ပါတယ် ဒေါ်ဒေါ်၊ သူ.... သူက ဒီမှာ ပြန်ရောက်နေတယ်မဟုတ်လားဟင်"

"ဒီမှာ တော့ ပြန်ရောက်နေပါပြီ၊ ဒါပေမဲ့ ခု ခရီးထွက်သွားတယ်၊ လက်ပံတန်းက သူ့အမျိုးတွေဆီကိုလေ၊ ဒီမှာ သူ့တူတစ်ယောက်ပဲ ကျန်ခဲ့တယ်၊ သူလဲ ဈေးရောင်းထွက်ရာက ပြန်မရောက်သေးဘူး ထင်တယ်"

"ဟုတ်လား၊ သူသွားတာ ကြာပြီလားဟင်.."

"မနေ့ကမှ သွားတာ"

မြကြည်ဖြူ စိတ်ပျက်အားငယ်သွားသည်။

"အင်း.. ဒီအတိုင်း ဆိုရင်တော့ ဒီမှာ ငါနေလို့ မဖြစ်ဘူး၊ ဘောဂမြိုင်

ကို သွားပြီး ကံစမ်းမှ ဖြစ်တော့မယ်"

"ဒါဆို.. ကျွန်မ သွားလိုက်ပါဦးမယ် ဒေါ်ဒေါ်"

"မောင်အေးကို မစောင့်တော့ဘူးလား"

"ဟုတ်ကဲ့.. မစောင့်တော့ပါဘူး"

"လာရင် ဘာပြောလိုက်ရမလဲ"

"ရပါတယ် ဒေါ်ဒေါ်။ ကျွန်မက ဒေါ်သက်ခင်နဲ့ ပဲ သိတာဆိုတော့ ဘာမှ မပြောပါနဲ့ တော့ရှင်"

မြကြည်ဖြူလည်း အချိန်ကုန် မခံနိုင်သဖြင့် ကားဂိတ်ဆီသို့ သုတ်ခြေတင်၍ ထွက်ခဲ့ရပြန်သည် ။

မေးပါများ စကားရ၊ သွားပါများ ခရီးရောက်ဆိုသည့် စကားအတိုင်းပင် မသွားဖူး၊ မလာဖူးသော ခရီးတစ်ခု ဖြစ်လင့်ကစား မြကြည်ဖြူသည် ဘောဂမြိုင်မည်သော ကြီးမားကျယ်ဝန်းသည့် ခြံကြီးတစ်ခြံဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့ပါသည် ။

ဟင်းလင်းပွင့်နေသော ဂိတ်ပေါက်မှ အတွင်းသို့ မဝံ့မရဲကလေး ဝင်ခဲ့သည် တွင် မြကြည်ဖြူသည် ခြံကြီးတစ်ခြံလုံးတွင် သီးပင်စားပင်တွေ ဝေဆာနေသော မြင်ကွင်းများကို တွေ့လာရသည် ။

မကြာမီ မရန်းပင်ကြီးတွေ အုပ်မိုးထားသော အရိပ်အောက်တွင် အုပ်ကြွပ်မိုးနှင့် တိုက်ပုကလေးတစ်လုံးကို တွေ့လိုက်ရသည် ။

အသံကြား သနားခြင်းဆု။

လူမြင်လျှင် ချစ်ခင်ခြင်းဆုနှင့် ပြည့်၍ မိမိအလုပ်ရပါစေသားဟု ဆုတောင်းကာ တိုက်ကလေး၏ ဆင်ဝင်အောက်ဆီသို့ မြကြည်ဖြူ ဆက်

လျှောက်ခဲ့သည် ။

အိမ်အဝင် သံဘာဂျာဆွဲတံခါးကြီးသည် အတွင်းမှာ သော့ချိတ်ဆွဲ၍ ပိတ်ထားနေ၏။

မြကြာဖြူသည် လှမ်းမြင်နေရသော ဧည့်ခန်းထဲတွင် လူသူအရိပ်အခြည်ကို မမြင်မတွေ့ရသဖြင့် လူခေါ်ခေါင်းလောင်းရှိနိုး ရှာကြည့်လိုက်သည် တွင် အိမ်အဝင်နံရံ၌ နံရံကပ် အလှမီးအိမ်ကလေး ၏ အောက်တွင် လူခေါ်ခေါင်းလောင်းခလုတ်ကို တွေ့မြင်လိုက်သည် ။

မြကြည်ဖြူသည် ထိုခေါင်းလောင်းကလေးကို တစ်ချက်နှိပ်ပြီး အတွင်းသို့ ရင်များ တထိတ်ထိတ်ခုန်စွာဖြင့် လှမ်းကြည့်နေ၏။

******

ငြိမ်းချမ်းဦးသည် ရေချိုးရင်းက ယနေ့သူ့ကားနှင့် တိုက်မိမလို ဖြစ်ခဲ့သော မိန်းမလှကလေး၏ မျက်နှာကို မြင်ယောင်မိနေ၏။

အလွန်လှပသော မျက်နှာသွယ်သွယ်ကလေး။

ကြောက်အားတွေပို၍ ပြူးကျယ်ဝိုင်းစက်နေသော မျက်ဝန်းလှလှလေး တစ်စုံ။

ထိုမျက်ဝန်းကို ပို၍ လှနေစေသော နက်မှောင်ကော့ရွှန်းနေသာ မျက်တောင်ရှည်များ ။

တထိတ်တလန့် 'အို'ခနဲ အာမေဋိတ်သံ ထွက်သွားသော နီနီထွေးထွေး နှုတ်ခမ်းကလေး။

လိမ္မော်ရောင် ရှေ့ခွဲဘီဘဲလ်လက်သည်း အင်္ကျီ။

သူနှင့်လိုက်ဖက်သော လိမ္မော်ရောင် အောက်ခံတွင် အပွင့် အခက် ခပ်ကျဲကျဲပါသော ပါတိတ်ထဘီကို ဝတ်ဆင်ထားသော ထိုမိန်းကလေးသည် ကိုယ်လုံးကိုယ်ပေါက် အချိုးအစားကလည်း လှပပြေပြစ်လှပါ၏။

အချင်းဖြစ်စဉ်က ဒေါသဖြစ်ဖြစ်နှင့် ဟိန်းဟောက်ပစ်ခဲ့မိပြီးကာမှ ယခု.. သူကလေးကို မျက်စိထဲက ဖယ်ထုတ်မပစ်နိုင်အောင် ငြိမ်းချမ်းဦး ဖြစ်နေ၏။

"အဟင်း.. ထူးတာပဲ"

ငြိမ်းချမ်းဦးသည် သူ့ကိုယ်သူ ဆန်းစစ်၍ ရယ်မိရင်း အိမ်ရှေ့က လူခေါ်ခေါင်းလောင်းသံ ကြားရသဖြင့် နောက်စေ့က ဆံပင်တွေကို မျက်နှာသုတ်ပဝါဖြင့် သုတ်ရင်း အိမ်ရှေ့ခန်းဆီသို့ ကတိုက်ကရိုက် ထွက်လာခဲ့သည် ။

"ဟေး... မင်း"

ငြိမ်းချမ်းဦးသည် ပိတ်ထားသော ဆွဲတံခါးဆီသို့ မရောက်တတ်မီ လှမ်းမြင်လိုက်ရသော မိန်းမပျိုကလေး၏ ရုပ်သွင်ကြောင့် ခြေလှမ်းများ တန့်ကာ အံ့အားသင့်သွား၏။

"ဟင်.. သူ... သူ"

မိန်းမပျိုလေးကလည်း သူ့ကို တိုက်မိမလို ဖြစ်သွားသော ပြိုင်ကားနီနီလေးပေါ်မှ မျက်နှာရှင်ကို ရုတ်ခြည်း မှတ်မိသွား၏။

သူကလေး သည် တစ်ခါ အံ့အားသင့်၍ သွားပုံလေးက သူ့ထံကို လက်ညှိုးကလေး ထိုး၍ တစ် သူသူနှင့်..။

ငြိမ်းချမ်းဦးသည် တစ်ချက်ပြုံးလိုက်ပြီး ပိတ်ထားသော သံဆွဲတံခါး အနီးသို့ ခြေလှမ်းကျယ်ကြီးများ ဖြင့် လျှောက်သွားကာ တံခါးသော့ကို ဖြုတ်လိုက်သည် ။

"ဆိုစမ်း အမိလေး၊ ဘာကိစ္စ.."

"ဒီ.. ဒီအိမ်က အိမ်ရှင်နဲ့ တွေ့ချင်လို့ ပါရှင်"

အသံကြား သနားစေခြင်း။

လူမြင်လျှင် ချစ်ခင်စေခြင်းနှင့် ပြည့်လေသည် တည့် သည် မိန်းက လေး၏ အသံကား ညင်သာ အေးချမ်းလွန်းလှသည် ကို ငြိမ်းချမ်းဦး သိ ရှိရသည် ။

"ကိုယ်ပဲ ဆိုပါဦး မင်းကိစ္စက..."

"မ.. မစံပယ် ဒီက ခေါ်တဲ့ အလုပ်ကို သတင်းစာထဲမှာ တွေ့လို့ လာ လျှောက်တာပါ သူဌေးမင်း"

"သြော်.. သြော်၊ ဟုတ်ပြီ ဟုတ်ပြီ၊ ကြော်ငြာတောင် သတင်းစာမှာ ပါ လာပြီပဲကိုး"

"ဟုတ်ပါတယ် သူဌေးမင်းရယ်"

"နေပါဦးကွ၊ မင်း ထောက်ကြံ့လမ်းဆုံကနေ ဒီကိုလာတာလား"

"ဟုတ်ပါတယ် သူဌေးမင်း"

"မင်းလေးကို အကဲခတ်ရတာ ကိုယ်ခေါ်တဲ့ အလုပ်နဲ့ မစပ်ဟပ်သလို ပဲ"

"ရှင်.. ဘာဖြစ်လို့ ပါသလဲ သူဌေးမင်းရယ်"

သူ့ကို တစ်ကိုယ်လုံး စူးစမ်း ဆန်းစစ်နေပြီးကာမှ ပြောလိုက်သော ငြိ

မ်းချမ်းဦးကို မဝံ့မရဲလေး ကြည့်ကာ မြကြည်ဖြူက မေးလိုက်သည် ။

"မင်းရုပ်ရည် မင်းဝတ်စားဆင်ယင်ပုံက တို့လိုချင်တဲ့ အလုပ်သမား အဆင့်နဲ့ ဘာမှ မဆိုင်လို့ ပေါ့ကွာ"

"မစံပယ်မှာ အခြေအနေနဲ့ အချိန်အခါအရ ဒီအလုပ်ကိုလုပ်ဖို့ ဖြစ်လာလို့ ပါ သူဌေးမင်းရယ်"

"ဟာ.. သူဌေးမင်း သူဌေးမင်းနဲ့ နားထောင်ရတာ မနိုပ်ဘူး၊ မင်း တို့ကို ဒီလိုမခေါ်ပါနဲ့ ၊ တို့ နာမည် ငြိမ်းချမ်းဦး၊ မင်းကြိုက်သလို ခေါ်၊ ရတယ်"

"ဟုတ်… ဟုတ်ကဲ့၊ မစံပယ်ကို သံ.. သံသယ မရှိပါနဲ့ ၊ မစံပယ်မှာ အဒေါ်ဆုံးသွားလို့ ကျန်ခဲ့တဲ့ အဒေါ့ခြင်ပွန်း ဦးလေးနဲ့ ဆက်.. ဆက်နေလို့ မဖြစ်လို့ …"

"ဟုတ်ပြီ ဟုတ်ပြီ၊ ဒီလောက်ဆိုရင် တို့ သဘောပေါက်တယ်"

တစ်သက်နှင့်တစ်ကိုယ် မုသားမသုံးဖူးပါဘဲ ယခု သုံးနေရသဖြင့် မြကြည်ဖြူ၏ အသံများ တုန်ယင်နေပါ၏။

သူ့ကိုကြည့်ပြီး ကရုဏာသက်သွားပုံရသော ငြိမ်းချမ်းဦးသည် သူ့စကားကိုပင် ဆုံးအောင် ပြောခွင့်မပေးတော့ဘဲ တားလိုက်ပါသည် ။

ထိုစဉ်…

ဧည့်ခန်းထဲသို့ တောင်ဝှေးလေးကို ထောက်၍ အတော်ခါးကုန်းနေသော အဘွားအိုတစ်ယောက် ဝင်လာသည် ကို မြကြည်ဖြူ တွေ့လိုက်ရသည် ။

"ဟဲ့ ဖိုးငြိမ်း၊ ဘယ်သူလာတာလဲ ဟင်.."

လက်တစ်ဖက်က မျက်စိကို အုပ်မိုး၍ ကာကာ ထိုအဘွားအိုက မေးလာသည် ။

"ဟောဒီမှာ အဘွားကလျာအတွက် ခေါ်ထားတဲ့ ကြော်ငြာသတင်းစာထဲမှာ ဒီနေ့ပါလာလို့ မိန်းကလေးတစ်ယောက် အလုပ်လာလျှောက်တယ်"

"ဟေ.. ဟုတ်လား။ အိမ်ထဲကို ခေါ် လိုက်လေကွယ်"

"ကဲ အိမ်ထဲ ဝင်ခဲ့တဲ့၊ မင်းကို အဘွားကလျာက ခေါ်နေတယ်"

မြကြည်ဖြူလည်း ဝင်ပေါက်မှ သူ့ကိုယ်ကို ငြိမ်းချမ်းဦးက တိမ်းဖယ်ပေးလိုက်သဖြင့် သူ့ရှေ့မှ ခေါင်းကလေးငုံ့ကာ ဧည့်ခန်းထဲသို့ ဝင်လိုက်သည် ။

ခိုင်ခံ့လှပသော ရှေးဟောင်း အိမ်ထောင်ပရိဘောဂများ ဖြင့် တန်ဆာဆင်ထားသော ဧည့်ခန်းသည် အလွန်သပ်ရပ်လှပနေသည် ။

နှင်းဆီပန်းများ ဝေဆာနေအောင် ထိုးထားသော ငွေဖလားကြီးတင်ထားသည့် စားပွဲရှေ့တွင် မြကြည်ဖြူသည် ရို့ကျိုးစွာ ရပ်ကာ ဒေါ်ကလျာမည်သော အဘွားအိုကို ကြည့်လိုက်သည် ။

"ထိုင်လေ မိန်းကလေး၊ ထိုင်ခုံမှာ ရဲရဲတင်းတင်းထိုင်ပါ"

ဒေါ်ကလျာသည် သူမကိုယ်တိုင်လည်း ကုလားထိုင်တစ်လုံးတွင် ထိုင်လိုက်ရင်း မြကြည်ဖြူကို ပြောလိုက်သည် ။

မြကြည်ဖြူသည် သူ့ကို အသာရပ်၍ အကဲခတ်နေဆဲဖြစ်သော ငြိမ်းချမ်းဦးကို တစ်ချက်လှမ်းကြည့်ပြီး ကုလားထိုင်တစ်လုံးတွင် ထိုင်လိုက်သည် ။

"နာမည် ဘယ်လိုခေါ်လဲ ကလေးမ"

"မစံပယ်ပါ အဘွား"

"အလွန်ယဉ်တဲ့ နာမည်ကလေးပဲ.. ဘယ်အရပ်က လာတာလဲကွယ်"

"လှည်းကူးကပါ"

"တစ်ယောက်တည်းလား၊ အဖော်ပါသေးလား"

"စံပယ်.. စံပယ် တစ်ယောက်တည်းလာခဲ့တာပါ"

"မင်းမှာ မိဘဆွေမျိုးတွေတော့ ရှိမှာ ပေါ့နော်"

"အဖေနဲ့ အမေက စံပယ် ငယ်ငယ်လေးကတည်းက ဆုံးခဲ့ကြပါပြီ။ အဒေါ်တစ်ယောက်နဲ့ နေတာ၊ အဒေါ်က ဆုံးသွားလို့ အဒေါ့်ယောက်ျား ဦးလေးနဲ့ အတူမနေချင်တာနဲ့ ဒီအလုပ်ကို လာလျှောက်တာပါ ဘွားဘွား ရယ်။ စံပယ့်ကို အလုပ်လုပ်ခွင့် ပေးပါနော်"

"အင်း.. ညည်းလေးအဖြစ်ကလဲ အဆိုးသားကလား၊ အေးလေ.. မုန် သော သစ္စာစကား ဆိုရင်တော့ တို့ က ရိုးရိုးသားသားလာတဲ့ လူဆိုရင် လက်ခံဖို့ အဆင်သင့်ပါပဲ၊ ကဲ.. ဖိုးငြိမ်းရေ၊ ငါ့မြေးကြီး ဘယ်လိုသဘော ရသလဲ"

"ဘွားကလျာသဘောက သားသဘောပဲ၊ ဘွားကလျာပဲ ဆုံးဖြတ်ပါ၊ သား ခြံထဲမှာ လုပ်စရာတွေရှိလို့ သွားလိုက်ဦးမယ်"

ငြိမ်းချမ်းဦးသည် အဖြေပေးဖို့ ဒေါ်ကလျာအပေါ်တွင် ပုံချခဲ့ပြီး အရှောင်အတိမ်း လုပ်လိုက်သည် ။

မြကြည်ဖြူသည် သူ့ကို ဒီဘောဂမြိုင်က လက်မခံလျှင် ဒုက္ခရောက် တော့မည်ဟူသော အသိက နှိပ်စက်လာသဖြင့် ဖြစ်ပျက်ခဲ့ရသော

သူ့အဖြစ်များကို ဝမ်းနည်းစိတ်ပိုလာကာ တစ်ရှိုက်ရှိုက် ကျိတ်၍ ငိုမိလာ၏။

"အချိန်ကလဲ မရှိတော့ဘူး။ မိုးချုပ်တော့မယ်၊ ငါ ဒီကနေ လက်မခံရင် ဘယ်ကိုသွားရမလဲ၊ သူ့ဆီတော့ မပြန်ဘူး၊ ဘယ်နည်းနဲ့ မှ မပြန်ဘူး"

"ဟော့.. ဟော့၊ ညည်းလေး ငိုနေတာလား၊ ဩော်.. စိတ်လက်များ မကောင်းလိုက်တာအေ၊ မကြွယ်ရေ.. မကြွယ်"

"ရှင်.. ဘွားကလျာ လာပါပြီရှင့်..."

မကြာမီ ညိုညိုနှင့်ဝဝဖိုင့်ဖိုင့် ရှိလှသော အသက်ငါးဆယ်ကျော်အရွယ် အမျိုးသမီးကြီးတစ်ဦးသည် လက်သုတ်ပဝါဖြင့် သူ့လက်ကို သုတ်ရင်း ဧည့်ခန်းထဲသို့ အလျင်အမြန် ရောက်ရှိလာ၏။

သူက မြကြည်ဖြူထံ တစ်ချက်ကြည့်လိုက်ပြီး ဒေါ်ကလျာ၏ အနီးတွင် ရပ်လိုက်သည် ။

"ဘွားကလျာ"

"အေး.. မကြွယ်၊ ဒီကလေးမ ကျုပ်ကိုကြည်ဖို့ ရောက်လာတာ။ နေရာထိုင်ခင်းကလေး လုပ်ပေးလိုက်"

"ဟုတ်ကဲ့ပါ ဘွားကလျာ၊ သူ့ကို မကြွယ်အိပ်ခန်းဘေးက အခန်းမှာ ထားရမလား"

"အေး.. အေး၊ ထားလိုက်။ ဩော်.. ဟဲ့ ကလေးမ နေဦး နေဦး၊ ညည်းလေး လုပ်အားခ စားပြီးသောက်ပြီး တစ်လ ခုနစ်ရာပေးမယ်။ ကျေနပ်ရဲ့ လားဟင်"

"ကျေနပ်ပါတယ် ဘွားဘွားရယ်"

"အေး.. ဒါဆိုလဲ ပြီးရော၊ မအေးကြွယ် သူ့ကို ခေါ်သွားတော့"

"လာ... ကလေးမ။ မကြွယ်နောက် လိုက်ခဲ့"

မြကြည်ဖြူသည် ထခုန်ချင်လောက်အောင် ဝမ်းသာသွားမိသည် ။

ဘောဂမြိုင်ကို သူ့ကျေးဇူးရှင် အိမ်ရာဟု သဘောထားပြီး ဒေါ်အေးကြွယ် ခေါ်ရာနောက်သို့ လိုက်ခဲ့သည် ။

******

(၃)

ဘောဂမြိုင်မှ အိမ်ရှင်တို့ က သူ့ကိုလက်ခံလိုက်သဖြင့် ထိုနေ့သည် မြကြည်ဖြူအတွက် အပျော်ဆုံးနေ့တစ်နေ့ ဖြစ်ရပါသည် ။

သူ့အတွက်ပေးလာသော ဆယ်ပေပတ်လည်ခန့် အခန်းကလေးက လည်း လေဝင်လေထွက်ကောင်း၍ သန့်ရှင်းလှပါ၏။

"ဒီအိပ်ခန်းကို သန့်ရှင်းရေးတော့ မကြာမကြာ လုပ်ထားတာပဲ၊ ည ည်းလေး ထပ်ပြီး လှည်းကျင်းလိုက်ဦး၊ ဒီမှာ .. တံမြက်စည်း"

"ဟုတ်ကဲ့"

"ခဏနေ အိပ်ရာခင်းဖို့ သွားယူပေးဦးမယ်"

"ဟုတ်ကဲ့"

မြကြည်ဖြူသည် တစ်ယောက်အိပ် သံခုတင်ကလေးကို ဖုတ်ဖက်ခါပြီး အိပ်ခန်းကို လှည်းကျင်း သန့်စင်လိုက်သည် ။

သူ လှည်းကျင်းသန့်စင်ပြီးချိန်တွင် ဒေါ်အေးကြွယ်သည် စောင်၊ ခေါ င်းအုံး၊ ခြင်ထောင်၊ ဂွမ်းကပ် စသည် တို့ ကို သယ်ဆောင်ကာ အိပ်ခန်း ဆီသို့ ပြန်ရောက်လာ၏။

"ကျေးဇူးပါပဲ ဒေါ်ဒေါ်ရယ်"

"ညည်းကျေးဇူးတင်ရမှာ က အိမ်ရှင်တွေကိုပါ၊ ဘွားကလျာတို့ က

တန်ရုံလူကို အိမ်မှာ လက်ခံတာ မဟုတ်ဘူး ။ ညည်းလေးကို တစ်ခါတည်း အလုပ်ပေးလိုက်တာ ညည်းလေး သိပ်ကံကောင်းတယ်၊ အလုပ်ကို ကြိုးကြိုးစားစားလုပ် ကြားလား"

သူနှင့်အတူ အိပ်ရာကူခင်းပေးရင်း ဒေါ်အေးကြွယ်က ပြောလိုက်သည် ။

"ဟုတ်ကဲ့ပါ၊ မစံပယ် အိမ်ရှင်တွေကို အရမ်းကျေးဇူးတင်ပါတယ်။ အလုပ်ကို ကြိုးကြိုးစားစား လုပ်ပါ့မယ် ဒေါ်ဒေါ်"

"ညည်းလေး နာမည်က မစံပယ်တဲ့ လား"

"ဟုတ်ပါတယ်"

"အင်း.. မစံပယ်ရောက်လာမှ ပဲ ဒေါ်အေးကြွယ်လဲ အိမ်အလုပ် ကောင်းကောင်း လုပ်နိုင်တော့မှာ ။ အိမ်အလုပ်က တစ်ဖက် ဘွားကလျာအလုပ်က တစ်ဖက်နဲ့ မလွယ်ဘူး၊ ဘွားကလျာက မျက်စိခွဲထားတာ သိပ်မကြာသေးတော့ ဂရုစိုက်နေရတယ်"

"ဘွားကလျာ အသက် ဘယ်လောက်ရှိပြီလဲ ဟင်"

"ပြီးခဲ့တဲ့ လက ကိုးဆယ်ပြည့်တယ်လေ"

"အို.. အသက်ရနေပြီပဲပေါ့နော်"

"ဟုတ်တယ်၊ ဒါကြောင့် မြေးက သူ့အဘွားမျက်နှာကို မှန်ကြည့်သလို ကြည့်နေတာ၊ မောင်ငြိမ်းချမ်းက သူ့အဘွားကို သိပ်ချစ်တာကွယ့်"

"အဲဒီအစ်ကိုကြီးရဲ့ မိဘများက ဒီမှာ မနေဘူးလားဟင်..."

"မောင်ငြိမ်းချမ်းမှာ မိဘတွေ မရှိတော့တာ ကြာပြီ၊ သူ ဆယ်နှစ်သားလောက်တုန်းက ခရီးသွားရင်း ကားမှောက်ပြီး ဆုံးခဲ့ကြတာ"

"အို.. ဖြစ်မှ ဖြစ်ရလေ"

"အေး.. သူ့ကို သူ့အမေရဲ့ အဘွား ဒေါ်ကလျာက ကြီးပြင်းအောင် ကြည့်လာခဲ့တာပဲ၊ ဩော်.. ဒါနဲ့ ညည်းလေးရဲ့ ပစ္စည်းပစ္စယတွေရော၊ အပြင်မှာ လား သွားယူခဲ့လေ"

"စံပယ်.. စံပယ့်မှာ ပါတာ ဒါအကုန်ပဲဒေါ်လေးကြွယ်၊ စံပယ်က ဒုက္ခဖြစ်ပြီး အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ပြေးလာခဲ့ရတာပါ"

မြကြည်ဖြူသည် သူ့အဒေါ်ဆုံး၍ အဒေါ်ဖြစ်သူ၏ ခင်ပွန်းနှင့် တစ်အိမ်တည်း အတူမနေလို၍ ပြေးလာခဲ့ရကြောင်း သူဆင်သောဇာတ်လမ်းကို ယုတ္တိရှိအောင် ပြောပြလိုက်သဖြင့် ဒေါ်အေးကြွယ်မှာ သူ့ကို သနားလွန်းသောကြောင့် ဖြစ်မှ ဖြစ်ရလေနှင့် ဖြစ်နေ၏။

ထို့နောက်တွင် တော့ သူပိန်စဉ်က ဝတ်သော အဝတ်အထည်များကို စေတနာကြီးစွာဖြင့် ပေးကမ်းစွန့်ကြဲလာသဖြင့် မြကြည်ဖြူမှာ လဲလဲဖယ်ဖယ် ဝတ်စရာကလေးတွေ ရရှိလာသည် ။

"ကျေးဇူးတင်ပါတယ် ဒေါ်လေးကြွယ်ရယ်"

"ဒီလိုပဲပေါ့အေ၊ တစ်ယောက်နဲ့ တစ်ယောက် ကူညီရိုင်းပင်းရမယ့် တာဝန်တွေရှိပါတယ်၊ အင်္ကျီလေးတွေ ပွနေရင် သီဝတ်၊ ဒေါ်လေးကြွယ် အပ်နဲ့ အပ်ချည်ပေးမယ်"

"ဟုတ်ကဲ့"

"ကဲ ဒေါ်လေးကြွယ် ညစာသွားစီစဉ်လိုက်ဦးမယ်၊ ညည်းလေးလဲ ရေမိုးချိုးပြီး အဝတ်အစား လဲလိုက်၊ သနပ်ခါးကျောက်ပျဉ်က ဒေါ်လေးကြွယ့် အိပ်ခန်းထဲမှာ ရှိတယ်၊ ဝင်လူးလိုက် ကြားလား"

"ဟုတ်ကဲ့ ဒေါ်လေးကြွယ်"

မြကြည်ဖြူသည် ရေမိုးချိုးပြီး ဝတ်ရန် အဝတ်တစ်စုံကို အသင့်ပြုလုပ် စီစဉ်ထားလိုက်သည် ။

ပြီးလျှင် သူ့အိပ်ခန်းတံခါးကို ပိတ်ပြီး သူ့အင်္ကျီအတွင်းခံတွင် ဝှက်ယူလာခဲ့သော ရတနာပစ္စည်းလေးများကို ထုပ်ထားသော လက်ကိုင်ပဝါကို ဖြေကြည့်လိုက်သည် ။

ဖောင်းရိုးတုတ်တုတ်ကြီးနှင့် စိန်ခြယ်နားကပ် တစ်ရန်။

စိန်ခြယ်လက်စွပ် တစ်ကွင်း။

မြကို စိန်ရံထားသော လက်စွပ်တစ်ကွင်း။

မြကြိုး တစ်ကုံး။

စိန်လက်ကောက် တစ်ရန်။

မြလက်ကောက် တစ်ရန်။

"အင်း.. ကာလတန်ဖိုးနဲ့ တွက်ရင် ကြီးကြီးချစ်ရဲ့ ပစ္စည်းတွေက နည်းမှာ မဟုတ်ဘူး ၊ ကြီးကြီးချစ် သနားပါတယ်၊ မစားရက်မသောက်ရက်နဲ့ သူ့ပစ္စည်းလေးတွေကို ကျစ်ကျစ်ပါအောင် ထုပ်ထားလိုက်တာ သေသည် အထိပဲ၊ အချိန်အခါပေးလာရင်တော့ ဒီပစ္စည်းတွေထဲက တစ်ခုခုကို ထုခွဲပြီး ကြီးကြီးချစ်အတွက် ကုသိုလ်ကောင်းမှုတွေ ငါလုပ်ပေးရမယ်"

မြကြည်ဖြူသည် ရတနာပစ္စည်းလေးများကို သေချာစွာ ပြန်လည်ထုပ်ပိုးပြီး သိမ်းလိုက်သည် ။

******

ငြိမ်းချမ်းဦးသည် ခြေကသာ ရှေ့ကို လှမ်းနေ၏။ စိတ်ကတော့ သူ့နောက်တွင် ကျန်ရစ်နေသော ဘောဂမြိုင်ရိပ်မြုံဆီသို့ ပြန်ပြေး၍ နေသည် ။

အကြောင်းမှာ မူ သူ့ဦးနှောက်တစ်ခုလုံးကို မြကြည်ဖြူ လာစိုးမိုးနေသောကြောင့်ပင်။

"အင်း.. လူပုံပန်းသဏ္ဌာန် အကဲခတ်ရတာကတော့ ဒီကောင်မလေးဟာ အဆင့်အတန်း မြင့်မြင့်ထဲက လာတဲ့ ပုံပဲ၊ သူပြောတဲ့ စကားတွေကို ဘယ်လို အတည်ယူမလဲ၊ သူ လူဆိုးလား လူကောင်းလား၊ သူ့ဘဝအစစ်အမှန်က ဘာလဲ ဟင်း.. သူ့ကို သနားစိတ်တော့ ဖြစ်မိတယ်၊ ဒါပေမဲ့.. ငါတော့ မဆုံးဖြတ်တတ်ဘူး၊ ဘွားကလျာပဲ ဆုံးဖြတ်ပါစေတော့၊ သူနဲ့ တို့များ ကံစပ်ရင်တော့ သူ ဘောဂမြိုင်မှာ နေခွင့်ရမှာ ပေါ့၊ ကံမဆုံချင်ရင်တော့ သတ္တဝါတစ်ခု ကံတစ်ခုပဲလို့ သဘောထားလိုက်ရတော့မှာ ပဲ"

ငြိမ်းချမ်းဦးသည် စံပယ်မည်သော ကောင်မလေးအကြောင်းကို တွေးရင်းတောရင်းက သူ့ခြံအလုပ်သမားများ ရှိရာသို့ ရောက်ရှိသွား၏။

တစ်နေ့တာ အရောင်းအဝယ် ကိစ္စများကို မေးမြန်းခြင်း၊ အလုပ်သမားများကို လုပ်အားခ ရှင်းပေးခြင်း စသည့်ကိစ္စများကို ဆောင်ရွက်လိုက်သည့်အခါတွင် သူသည် မြကြည်ဖြူတစ်ဖြစ်လဲ မစံပယ်မည်သော မိန်ကလေးအကြောင်း မစဉ်းစားနိုင်ဘဲ ရှိနေပါတော့သည် ။

******